မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၅ ] ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**ကချင်ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးနေဝင်း ကို ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**ကချင်ပြည်နယ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များ အရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | |
|---|---|
| (၁) ဦးကျော်ကျော်ဝင်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးလဆိုင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ် | စည်ပင်သာယာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**
**အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန** တွင် အဖွဲ့ဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင် (ခ) အမ်နန်တောင် **အစား** အဖွဲ့ဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အောင် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**
**အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော "e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" မှ e-Government **အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | အဖွဲ့ဝင်<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |
| (၂) | အဖွဲ့ဝင်<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၃) | အဖွဲ့ဝင်<br>အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

(၄) အဖွဲ့ဝင် **အစား** အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန် ဒုတိယဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **နာယကအဖွဲ့**

(၁) ဒုတိယသမ္မတ (၁) — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၃) ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ — အဖွဲ့ဝင်

(ခ) **ဦးစီးကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) တိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

| | | |
|---|---|---|
| (၄) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်မြင်ထွန်း<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၁၆) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးသန်းဇော်<br>ညွှန်ကြားရေးမှူး<br>စီမံရေးဌာန<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာလှလှဝင်း<br>ပါမောက္ခ/ဌာနမှူး<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာငွေးလှ<br>ဒုတိယပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၂) ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော "ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ" မှ **ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ** တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်၍ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် **အစား** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဋ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဌ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အစီရင်ခံစာများပါ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ မြေသိမ်းမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သော သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) မြေယာအငြင်းပွားမှုများနှင့်ပတ်သက်၍ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ရာတွင် မြေကိုစီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီများက ကျင့်သုံးလျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း။

၃။ "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ" သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၄။ ယခုအစိုးရသည် လယ်ယာမြေအငြင်းပွားမှုပြဿနာများကို အထူးဦးစားပေးပြီး အမြန်ဆုံးဖြေရှင်းရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် လယ်ယာမြေသိမ်းဆည်းခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးသည့်အထိ ရပ်ဆိုင်းထားရန်ဖြစ်ပါသည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ | အဖွဲ့ဝင်များ |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဦးမောင်မောင်ဆွေ (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်)<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဓ) | ဦးအောင်မြတ်ကျော် (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်)<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အကြံပေး | အဖွဲ့ဝင် |
| (န) | ဒေါ်စုစုတင် (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်)<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ပ) | ဦးရန်ဝင်း (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်)<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဖ) | ဦးအောင်မျိုးမင်းဒင် (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်)<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဗ) | ဦးခင်အောင်ထွန်း (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်)<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဘ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (မ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၅ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်စွဲဖြင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းဆေးပညာ**ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက် ပစ္စည်းများဖြင့် ဖော်စပ်ထားသောဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များကိုအသုံးပြု၍ လူသားတို့၏သက်ရှည်ကျန်းမာရောဂါဘယ

ကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အားလုံးတွင်ပါဝင်ဆောင်ရွက်နိုင်သည့်ပညာရပ်ကို ဆိုသည်။

(ခ) **နိုင်ငံတကာတိုင်းရင်းဆေးပညာ**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ တိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသည့် တိုင်းရင်းဆေးပညာရပ်ကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကို ဆိုသည်။

(ဃ) **နာယကအဖွဲ့**ဆိုသည်မှာ ကောင်စီ၏နာယကအဖွဲ့ကို ဆိုသည်။

(င) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(စ) **ကောင်စီဝင်**ဆိုသည်မှာ ကောင်စီတွင် ပါဝင်သူတစ်ဦးဦးကို ဆိုသည်။

(ဆ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရထုတ်ပေးသည့် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **မှတ်ပုံတင်တိုင်းရင်းဆေးဆရာ**ဆိုသည်မှာ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းတွင် အမည် တင်သွင်းခြင်းခံရပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဈ) **ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်တို့ကို ဆိုသည်။

(ည) **အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော မှတ်ပုံတင် တိုင်းရင်းဆေးဆရာအား သတ်မှတ်ချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ဋ) **အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ပြည်တွင်းတိုင်းရင်းဆေးတက္ကသိုလ်က အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာတိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိ အမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့် ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှု ရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီက စာတွေ့၊ လက်တွေ့စိစစ်၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့် ဒေသတို့အား ကန့်သတ်၍ ဤဥပဒေအရ ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဍ) **ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာ တိုင်းရင်းဆေး ဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက ထုတ်ပေးထားသော တိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံတကာတိုင်းရင်းဆေး ဆရာအား ဤဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ပ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာအရည်အသွေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(င) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပဒ်ကင်းသော တိုင်းရင်း ဆေးဝါးများ ထွက်ပေါ်လာရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးကိစ္စရပ်များကို တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ အကြံပြုပူးပေါင်းဆောင်ရွက်ရန်၊

(စ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆသဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများနှင့်ဆိုင်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဇ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်ရေးတို့ အတွက် ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်ရှိ၍ တရားစွဲဆိုနိုင်သော၊ တရားစွဲဆိုခြင်းကိုခံနိုင်သော အဖွဲ့အစည်းဖြစ်သည်။

၆။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ယင်းပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သောရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အငြိမ်းစားပုဂ္ဂိုလ်တစ်ဦးနှင့် ဝါရင့်တိုင်းရင်း ဆေးဆရာလေးဦး စုစုပေါင်းခုနစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ (က) နာယကအဖွဲ့သည် ကောင်စီကို ၄၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊

(၂) ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်၊

(၃) ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်နှစ်ဦး၊

(၄) တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ သို့မဟုတ် ဌာနမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ် နှစ်ဦး၊

(၅) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) မှ အဖွဲ့ဝင်နှစ်ဦး၊

(၆) မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်နှစ်ဦး၊

(၇) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင် တိုင်းရင်းဆေးဆရာများက သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာတစ်ဦးစီ၊

(၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်တိုင်းရင်းဆေးဆရာ ဦးရေကို အခြေခံ၍ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာများ၊

(၉) မှတ်ပုံတင်တိုင်းရင်းဆေးဆရာ သက်တမ်းအနည်းဆုံး ခုနစ်နှစ်ရှိသူ၊ အသက် ၃၅ နှစ် အောက်ရှိသူ နှစ်ဦး။

(ခ) နာယကအဖွဲ့သည် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၈။ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ ကောင်စီဝင် ရှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးတို့ကို ကောင်စီဝင်များ၏ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

၉။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီသက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ကောင်စီဝင် အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာအလိုက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရက်ပေါင်း ၉၀ အတွင်း ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် ကျန်ရှိသည့်ကောင်စီ သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ နာယကအဖွဲ့သည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပုဒ်မ ၈ အရ ရွေးချယ် တင်မြှောက်ထားသူများကို အလုပ်အမှုဆောင်အဖွဲ့အဖြစ် တစ်ပါတည်း တာဝန်ပေးအပ်ရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့သည် အောက်ပါအရည်အချင်းများဖြင့် ပြည့်စုံရမည် -

(က) အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌသည် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သည့် တိုင်းရင်းဆေးဆရာ ဖြစ်ရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုများ ပေးနိုင်သူဖြစ်ရမည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းနှင့်အဖွဲ့ဝင်များ လစ်လပ်သည့်အခါ အစားထိုးခန့်ထားသူ အဖွဲ့ဝင်များ၏သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၁၃။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေး ကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းဆေးဆရာများ လိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊

(ခ) တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပ တိုင်းရင်းဆေးပညာဘွဲ့နှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ် ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် ပုဂ္ဂလိကတိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(င) တိုင်းရင်းဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ တိုင်းရင်းဆေးပညာရပ်များနှင့် မိမိတို့နိုင်ငံ၏ တိုင်းရင်းဆေးပညာရပ်များကို လေ့လာသုံးသပ်၍ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းရင်းဆေးတက္ကသိုလ်နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းဆေးဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဆ) တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်အပင်များ၊ ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အလေးချိန်များ၊ ကန့်သတ်ချက်များကို သတ်မှတ်ခြင်း၊ အတည်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပြုခြင်း။

၁၅။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကော်မတီများကို ကောင်စီဝင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၃) ဘဏ္ဍာရေးကော်မတီ၊

(၄) ဥပဒေရေးရာကော်မတီ၊

(၅) အခြားလိုအပ်သောကော်မတီများ။

(ခ) နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃ) နိုင်ငံတကာ၏ တိုင်းရင်းဆေးပညာရပ်များကို အသုံးပြုခြင်းနှင့်ပတ်သက်၍ စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(င) ပြည်သူလူထု ကျန်းမာရေးအတွက် တိမ်မြုပ်နေသော တိုင်းရင်းသားတို့၏ ရိုးရာဆေးပညာရပ်များကို ဖော်ထုတ်အသုံးပြုစေခြင်း သို့မဟုတ် အသုံးပြုရန် ငြင်းပယ်ခြင်း၊

(စ) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်ခြင်း။

## အခန်း (၅)
## အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းဆေးဆရာများ ကျင့်ဝတ်သိက္ခာလိုက်နာရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဆေးပညာဘွဲ့များ၊ ဒီပလိုမာနှင့် လက်မှတ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာစာရင်းအား ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ တိုင်းရင်းဆေးပညာရှင်များ စဉ်ဆက်မပြတ် သင်ကြားမှုရရှိစေရေးအတွက် ဝန်ကြီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးဘက်ဆိုင်ရာ ကျန်းမာရေးဓာတ်စာ၊ ဆေးဘက်ဆိုင်ရာအထောက်အကူပြုဆေးပစ္စည်း ကိရိယာထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးပစ္စည်းကိရိယာများသုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကောင်စီအစည်းအဝေးများတွင် လိုအပ်ပါက သက်ဆိုင်သည့်ပညာရပ်ဆိုင်ရာ ပညာရှင်များကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

၁၇။ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ဆေးပညာဘွဲ့လက်မှတ်များ စိစစ်ခြင်းနှင့် အသိအမှတ်ပြုခြင်း။

## အခန်း (၆)
## ကောင်စီဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၈။ (က) ကောင်စီဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ခံစားခွင့်ရှိခြင်း၊

(၂) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျသည့်ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(၃) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

(ခ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကောင်စီက သတ်မှတ်သည့်လစာငွေ သို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း၊

(၂) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ် ကုန်ကျသည့် ခရီးစရိတ်ကို ခံစားခွင့်ရှိခြင်း။

## အခန်း (၇)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၉။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခံရခြင်း၊

(စ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီကပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ဇ) တာဝန်ထမ်းဆောင်နိုင်ရန် လုံလောက်သော ကျန်းမာရေးနှင့် မပြည့်စုံခြင်း သို့မဟုတ် ကွယ်လွန်ခြင်း၊

(ဈ) ကောင်စီ၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် အလွဲသုံးစားပြုခြင်း။

## အခန်း (၈)
## အစည်းအဝေးကျင်းပခြင်း

၂၀။ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အဆုံးအဖြတ်ရယူခြင်း။

၂၁။ ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့၏ မည်သည့်အစည်းအဝေးတွင်မဆို တက်ရောက်ခွင့်ရှိသူ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၂၂။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် နှီးနွှယ်အဖွဲ့အစည်းများသို့ ထုတ်ပြန်နိုင်သည့်အပြင် ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အသိပေးတင်ပြနိုင်သည်။

## အခန်း (၉)
## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၂၃။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့် ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်-

(က) ရုံးအဖွဲ့မှူး တစ်ဦး၊

(ခ) စီမံရေးရာနှင့် ငွေစာရင်းဌာန၊ မှတ်ပုံတင်နှင့် လိုင်စင်ရေးရာဌာန၊ နိုင်ငံတကာနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့တွင် ဌာနမှူးတစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ၊

(ဂ) အရည်အသွေး ထိန်းသိမ်းစစ်ဆေးခြင်းဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် တိုင်းရင်းဆေးဆရာအဖွဲ့ခွဲမှူး တစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ။

၂၄။ ကောင်စီသည် ပုဒ်မ ၂၃ ပါ ရုံးအဖွဲ့နှင့် ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၁၀)
## ဘဏ္ဍာရေး

၂၅။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ၊

(ဃ) အခြားရငွေများ။

၂၇။ ကောင်စီသည် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များက လှူဒါန်းသောပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၈။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ လစာနှင့်စရိတ်တို့ကို ကျခံ၍ ရုံးအဆောက်အဦကိုလည်း တာဝန်ယူရမည်။

၂၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၁)
## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ မှတ်ပုံတင်ခြင်း

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်း ပြည်ပတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဘွဲ့ သို့မဟုတ် ဒီပလိုမာ၊ တိုင်းရင်းဆေးသိပ္ပံမှ အပ်နှင်းသည့် တိုင်းရင်းဆေးပညာ ဒီပလိုမာလက်မှတ်ရရှိသူ၊

(ခ) တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်း အောင်လက်မှတ်ရရှိသူ၊ တိုင်းရင်းဆေးပညာ သုံးဘာသာ အောင်လက်မှတ်ရရှိသူ သို့မဟုတ် တိုင်းရင်းဆေးပညာ လေးဘာသာအောင်လက်မှတ်ရရှိသူ။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်မှုရှိပါက မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သတ်မှတ်ထားသည့်သက်တမ်းအလိုက် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးရမည်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးနှင့်ပတ်သက်၍ အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ယင်းပြစ်မှုသည် တိုင်းရင်းဆေးဆရာအဖြစ် ဆက်လက်ထမ်းဆောင်နိုင်ရန်မသင့်ဟု ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(ခ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုမရှိခြင်းကြောင့် တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဃ) ကွယ်လွန်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြခြင်း သို့မဟုတ် စိစစ်တွေ့ရှိခြင်း။

## အခန်း (၁၂)
## ဘွဲ့လွန်၊ ဒီဂရီ အသိအမှတ်ပြုခြင်း

၃၅။ ပြည်တွင်း ပြည်ပ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်တိုင်းရင်းဆေးပညာဘွဲ့ ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်တွင် ရေးသွင်းရမည်။

## အခန်း (၁၃)
## ဆေးကုသခွင့်လိုင်စင်

၃၇။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကောင်စီသို့ လျှောက်ထားရမည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထွေထွေဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။

၃၉။ နိုင်ငံခြားသား တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးပြီး အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။

၄၁။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် အထူးဆေးကုသခွင့်လိုင်စင်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြား သတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေပြီး အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၃။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့်လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။

၄၅။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၅ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၇။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာတစ်ဦးဦးတွင် အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(ဂ) လိုင်စင်ပါခွင့်ပြုသည့် ဆေးကုသခြင်း အမျိုးအစားမှအပ အခြားဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက်ဆောင်ရွက်ခြင်း၊

(င) တိုင်းရင်းဆေးဆရာတစ်ဦး၏ လိုက်နာရမည့်ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှု မရှိခြင်း၊

(စ) သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့် လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသေးသည့် ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲဖော်ပြခြင်း။

## အခန်း (၁၄)

## မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၄၈။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် တိုင်းရင်းဆေးဆရာ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်း ရမည်။

(ဂ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်နှင့် အကူအညီကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၉။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် -

(က) ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ရှိသည်။

(ဂ) မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးဦးက မှတ်ပုံတင်ပြီးနောက် ထပ်မံရရှိသော ဆေးပညာရပ် ဆိုင်ရာ အရည်အချင်းတစ်ရပ်ရပ်ကို ကောင်စီ၏ မှတ်ပုံတင်စာရင်းနှင့် မိမိ၏ မှတ်ပုံတင် လက်မှတ်တွင် ဖြည့်သွင်းပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

၅၀။ ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာသည် -

(က) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

(ဂ) စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၁၅)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၁။ ကောင်စီသည် မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရသူ တစ်ဦးဦးအား စုံစမ်းစစ်ဆေးရန် အကြောင်း ပေါ်ပေါက်လျှင် အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦး၊ ကောင်စီဝင် နှစ်ဦးနှင့် သက်ဆိုင်ရာပညာရှင် နှစ်ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

၅၂။ ပုဒ်မ ၅၁ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက် များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်၊ သဘောထားမှတ်ချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၃။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ အောက်ပါအရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၆)
## အယူခံခြင်း

၅၄။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၅၃ တို့အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၅။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၇)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၆။ မည်သူမျှ ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ တိုင်းရင်းဆေးဆရာ အမည်ခံ၍ ဆေးကုသခြင်း မပြုရ။

၅၇။ မည်သည့်နိုင်ငံခြားသားမျှ ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ မြန်မာ့တိုင်းရင်းဆေးပညာဖြစ်စေ၊ နိုင်ငံတကာတိုင်းရင်းဆေးပညာဖြစ်စေ အသုံးပြု၍ ဆေးကုသခြင်း မပြုရ။

၅၈။ မည်သူမျှ ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ် ရရှိရန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၅၉။ မည်သူမျှ ပုဒ်မ ၃၅ အရ ဘွဲ့၊ ဒီဂရီ အသိအမှတ်ပြုရန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၆၀။ မည်သူမျှ ပုဒ်မ ၃၇၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၃ တို့အရ ဆေးကုသခွင့်လိုင်စင်ရရှိရန် လိမ်လည်လျှောက်ထားခြင်း မပြုရ။

၆၁။ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၈ သို့မဟုတ် ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၈)
## အထွေထွေ

၆၅။ ဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစတင်၍ ဤဥပဒေနှင့်အညီ လျှောက်ထားရမည်။

၆၆။ ဆေးကုသခွင့်လိုင်စင်ရရှိသူတစ်ဦးဦးသည် လူနာအကျိုးအတွက် ဆေးပညာရပ်ဆိုင်ရာထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ တိုင်းရင်းဆေးဆရာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့လျော့စွာ ဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၇။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၀) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၈။ ကောင်စီသည် တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၀) အရ ဖွဲ့စည်းထားသော ကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၉။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၀) အရ ဖွဲ့စည်းထားသော တိုင်းရင်းဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

### စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **အေဂျင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အဆင့်ရှိသောအရာရှိကို ဆိုသည်။

(ဈ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။

(ည) **စက်မှုဒီဇိုင်း**ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ အထည်အလိပ်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကို ဆိုသည်။

(ဋ) **ထုတ်ကုန်**ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်

ရမည့်အစိတ်အပိုင်းများ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်။

(ဌ) **စက်မှုဒီဇိုင်းပိုင်ရှင်**ဆိုသည်မှာ ဦးစီးဌာန၏မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **ဖန်တီးသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။

(ဎ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းကို ဆိုသည်။

(ဏ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာတရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(တ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကိုအသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်းပါဝင်သည်။

(ထ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ဒ) **မူပိုင်ခွင့်တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သောတရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ဓ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၉ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(န) **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၄၀ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝသာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏အခွင့်အရေးနှင့် စောင့်ထိန်းရမည့်တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |
| (၆) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၇) နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## အေဂျင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |
| (၄) ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီကချမှတ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့်အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဌ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက်ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာပေးအပ်သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့်စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့ကပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများတောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း

၁၃။ စက်မှုဒီဇိုင်းတစ်ရပ်ရပ်သည် အသစ်ဖြစ်သည့်အပြင် တုပမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်။

၁၄။ နိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်နေ့မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့်နေ့မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၅။ စက်မှုဒီဇိုင်းသည် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်း၏ သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်လျှင် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော စက်မှုဒီဇိုင်းများနှင့် သိသာထင်ရှားစွာကွဲပြားခြားနားမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

## အခန်း (၈)
## အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း

၁၆။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ်မရရှိစေရ -

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ဖန်တီးပြုလုပ်မှုများ၊

( ခ ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးမှုများ။

## အခန်း (၉)
## စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ

၁၇။ စက်မှုဒီဇိုင်းတစ်ခုခုကို ဖန်တီးသူကဖြစ်စေ၊ ယင်း၏တရားဝင် အမွေဆက်ခံသူကဖြစ်စေ၊ ယင်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၈။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲဖန်တီးခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၉။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ -

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင် လျှောက်ထားခွင့်ရှိသည်။

( ခ ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ်အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း အဆိုပါ စက်မှုဒီဇိုင်းကို အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟုမှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် စက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင်

အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်အရဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး ယခင်အလုပ်ရှင်က အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါ စက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားကတင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်က ငြင်းဆိုမှုမပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန်ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍ အလုပ်သမားက ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးခြင်းမှ တစ်ပါး အခြားသောစက်မှုဒီဇိုင်းဖန်တီးမှုကိုပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် ယင်းစက်မှုဒီဇိုင်းအတွက် အလုပ်သမားကသာ မှတ်ပုံတင် လျှောက်ထားခွင့်ရှိသည်။

## အခန်း (၁၀)
## လျှောက်ထားခြင်း

၂၀။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူသည် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထား ရမည်။

၂၁။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် လိုကာနိုသဘောတူညီချက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထား နိုင်သည်။

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသား နိုင်သည်။

(ဂ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးရမည်။

၂၂။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များဖော်ပြရမည် -

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) စက်မှုဒီဇိုင်းပါရှိသည့် သို့မဟုတ် စက်မှုဒီဇိုင်းဖြင့် ရုပ်လုံးဖော်ထားသည့် ထုတ်ကုန်များ၏ အညွှန်း။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထားဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၃) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထားဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၄) အေဂျင်စီနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၃။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော စက်မှုဒီဇိုင်း လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် -

(က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မတူညီသောနေ့အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်ခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းတစ်ခု သို့မဟုတ် စက်မှုဒီဇိုင်းများ၏ လျှောက်ထားချက်တွင် ဦးစားပေး အခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၅။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် တစ်ဦးထက် ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆို လျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး စက်မှုဒီဇိုင်းလျှောက်ထား သူအဖြစ် သတ်မှတ်ပေးစေလိုသူ၏အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ စက်မှုဒီဇိုင်းလျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်း ခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၆။ (က) စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(၁) မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင် ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) စက်မှုဒီဇိုင်းတစ်ခုထက်ပို၍ ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(၃) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို တစ်စောင်ထက် ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန် သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များ အဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ကို လျှောက်ထားချက်တင်သွင်းသည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၁)

## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၈။ စစ်ဆေးရေးအရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိသော လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံအကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ မှတ်ပုံတင် လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကိုငြင်းပယ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၉။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့်ကိုက်ညီလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသောအကြောင်းပြချက်ကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့်ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) စက်မှုဒီဇိုင်း လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသောစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ ပြန်လည် လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ တို့နှင့်ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၆ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးသည့်နေ့မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်းမပြုရ။

၃၁။ စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထား ပေါ်ပေါက်လာခြင်း။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့်အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၃။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်းမရှိပါက အဆိုပါစက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်ကိုစစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကိုခွင့်ပြုလျှင် စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၃၄။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထပ်မံ ထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင် ပေးရန် သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၂)
## ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၃၆။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှု ဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသည့်နေ့မှ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့မှ ၁၈ လထက်မပိုစေရ။

၃၇။ လျှောက်ထားသူသည် ပုဒ်မ ၃၆ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၆ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက်တင်သွင်းသည့်နေ့၊ တောင်းဆိုထားသည့်ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန် ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၃)

## ဦးစားပေးအခွင့်အရေး

၃၉။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် စတင်လျှောက်ထားခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနသို့ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါစတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၀။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနတွင် တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ရန်လျှောက်ထားလျှင် အဆိုပါစတင်ခင်းကျင်းပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၁။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း (၁၄)

## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၄၂။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။ စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးနိုင်သည်။

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့်အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

( ခ ) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့်မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၄။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့် ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

( ခ ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ငါးနှစ်သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

( ဂ ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း စက်မှုဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရပ်စဲရမည်။

( င ) ရပ်စဲသွားသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၅)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများ

၄၅။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အခန်း (၁၄) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင် သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၉ နှင့် ၅၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မူပွားထားသည့် သို့မဟုတ် မှတ်ပုံတင် ထားသော စက်မှုဒီဇိုင်း၏ အဓိကအချက်များကို မူပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၆) နှင့် (၁၇) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ပေးခြင်းပြုနိုင်သည်။

၄၇။ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် စက်မှုဒီဇိုင်း အပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေ ရမည်။

၄၈။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်တစ်ဦးဦးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းနှင့်စပ်လျဉ်း၍ မခွဲဝေရ သေးသည့် အခွင့်အရေးကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးသည် ယင်း၏ မခွဲဝေရသေးသည့် အခွင့်အရေးကို အခြားသူ တစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါး ချိုးဖောက်သူအား အခြားသော စက်မှုဒီဇိုင်း ပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက်ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၉။ စက်မှုဒီဇိုင်းပိုင်ရှင်သည် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးနှင့်စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှု များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည်ထုတ်လုပ် ဆောင်ရွက်မှုများ။

၅၀။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများသည် စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ယင်းပိုင်ရှင်၏ သဘောတူညီချက်ရရှိသူကဖြစ်စေ နိုင်ငံတော်တွင် တရားဝင်ရောင်းချပြီးသော သို့မဟုတ် တင်သွင်းပြီးသော မှတ်ပုံတင်စက်မှုဒီဇိုင်းပါရှိသည့် ထုတ်ကုန်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၆)
## စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၁။ (က) စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ယင်း၏လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၂။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကိုလက်ခံသူကဖြစ်စေ၊ စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှု လွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၃။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၇)
## မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၄။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၅။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်း အမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၅ အရ လျှောက်ထားခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၇။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှ ပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူ သိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၈။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၈)

## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်းနှင့် ပယ်ဖျက်ခြင်း

၅၉။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မ ၆၀ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တရားမဝင်ကြောင်းကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၀။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာရမည် -

(က) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှု မရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၆၁။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ပါက မှတ်ပုံတင်ထားသော စက်မှု ဒီဇိုင်းကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလကုန်ဆုံးသည့်နေ့မှ အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လ အတွင်း သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က ပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း၊

(ဂ) ပုဒ်မ ၆၀ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် တရားမဝင်ကြောင်း ကြေညာထားသော စက်မှုဒီဇိုင်းဖြစ်ခြင်း။

၆၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)

## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၃။ အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

## အခန်း (၂၀)
## အယူခံခြင်း

၆၄။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

၆၅။ အေဂျင်စီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၂၁)
## မူပိုင်ခွင့်တရားရုံး တည်ထောင်ခြင်း

၆၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သောနယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သောတရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများကချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၆၅ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၂)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၆၇။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၆၈ နှင့် ၆၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၆၈။ (က) မူပိုင်ခွင့်တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော မှတ်ပုံတင်စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက်ထိန်းသိမ်းထားရန် သင့်သည်ထင်မြင်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့်အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်းတွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့်ပေါ်ပေါက်သော

ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၆၉။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

( ခ ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၀။ စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ထားသည့်ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်းအပါအဝင် စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊

( ခ ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကို ဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်၊

( ဂ ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၇၁။ (က) မူပိုင်ခွင့်တရားရုံးသည် အခွင့်အရးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည် -

(၁) ထိပါးချိုးဖောက်ကြောင်းတွေ့ရှိသည့် ကုန်ပစ္စည်းများကိုဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း၊

(၂) ထပ်မံချိုးဖောက်မှုကို လျှော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာပေးဆောင်ခြင်း မရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၇၂။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်းပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံ ရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထား သူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာ အကွယ်ပေးလျက် သက်သေခံအထာက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူ ပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက် များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့်သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သောသတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၇၄။ မူပိုင်ခွင့်တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်း အတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက် များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၃)
## ပြစ်ဒဏ်များ

၇၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုမီ သတ်မှတ်ထားသည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

## အခန်း (၂၄)
## အထွေထွေ

၇၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၇၈။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၉။ ဤဥပဒေပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၈၀။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၈၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၈၂။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်း အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၈၃။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၈၄။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၈၅။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၈၇။ The Myanmar Patents and Designs (Emergency Provisions) Act, 1946 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးကျော်ဝင်း **အစား** ဦးစိုင်းမြသိန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နှစ်ဦး နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၃) နေရာတွင် ဦးစိုင်းမြင့်သိန်း **အစား** ဦးစိုင်းသာထွန်း

(၂) အဖွဲ့ဝင် (၄) နေရာတွင် ဦးအေးကြူ **အစား** ဦးကျော်အောင်

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးဝင်းအောင် **အစား** ဦးအောင်တိုး အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၈/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဒေါ်ခင်ဥ **အစား** ဦးစိန်ရီ အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးကျင်သိန်း **အစား** ဦးဝေဇင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မက်မန်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နေရာ၌ ဦးစိုင်းအောင်ညွှန့် **အစား** ဦးကျဖ အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးချစ်ဝင်း | **အစား** | ဦးယားပါ |
| (၂) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးယားပါ | **အစား** | ဦးပညာ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၂၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးမြသိန်း **အစား** ဒေါ်စန်းမြင့် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road-OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

### "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road-OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ" ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road-OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ" ကို အထောက်အကူပြုနိုင်ရေးအတွက် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road-OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
နိုင်ငံခြားရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဖ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဗ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၁)
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၂)
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road-OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ" ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊

(ခ) လုပ်ငန်းကော်မတီ အစည်းအဝေးများကို ပုံမှန်ခေါ်ယူကျင်းပ၍ လုပ်ငန်းဆောင်ရွက်ချက်များအား သုံးသပ်ရန်၊

(ဂ) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နှင့်စပ်လျဉ်းသည့် မူဝါဒပိုင်းဆိုင်ရာညှိနှိုင်းရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်ပါက ဦးဆောင်ကော်မတီသို့ တင်ပြလမ်းညွှန်မှု ခံယူရန်နှင့် ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ရန်၊

(ဃ) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ပါက အကြံပြုချက်များ၊ လေ့လာသုံးသပ်အကဲဖြတ်မှုများကို ပညာရှင်များ၊ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ အကြံဉာဏ်များ ရယူဆောင်ရွက်သွားရန်၊

(င) "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အစီအစဉ်အောက်မှ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် ကဏ္ဍစုံ၊ အလွှာစုံမှ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံဘက်မှ ကမ်းလှမ်းသည့်ကိစ္စများအား ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား OBOR ခေါင်းစဉ်အောက်မှ အတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်။

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မျှော်မှန်းချက်ပြည့်မြောက်စေရေးနှင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု စောင့်ကြည့်လေ့လာသုံးသပ်ရေး ဦးဆောင်ကော်မတီ (Steering Committee)**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**အတွင်းရေးမှူးရုံးအဖွဲ့ (Secretariat) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မျှော်မှန်းချက်ပြည့်မြောက်စေရေးနှင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု စောင့်ကြည့်လေ့လာ သုံးသပ်ရေးနှင့်စပ်လျဉ်း၍ ဦးဆောင်ကော်မတီ (Steering Committee) အား အထောက်အကူပြုနိုင်ရေးအတွက် အတွင်းရေးမှူးရုံးအဖွဲ့ (Secretariat) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေစိစစ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဇ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ည) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |

(ဌ) လက်ထောက်ညွှန်ကြားရေးမှူး ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(ဍ) လက်ထောက်ညွှန်ကြားရေးမှူး ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(ဎ) လက်ထောက်ညွှန်ကြားရေးမှူး ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(ဏ) ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အတွင်းရေးမှူး

၂။ အတွင်းရေးမှူးရုံးအဖွဲ့ (Secretariat) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အကောင်အထည်ဖော်မှုများတွင် ဌာနအဖွဲ့အစည်းများအား လိုအပ်သလိုတိုင်ပင်ခြင်းနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) အစီအစဉ်စီမံခန့်ခွဲမှုနှင့် ပုံမှန်စောင့်ကြည့်လေ့လာမှုများကို ဆောင်ရွက်ရန်၊

(ဂ) ကော်မတီအစည်းအဝေးများအတွက် ပြင်ဆင်ခြင်းနှင့် ပံ့ပိုးရန်၊ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများကို (၄) လတစ်ကြိမ် မူကြမ်းပြုစုရန်၊

(ဃ) အသိပညာများကို စုစည်းထိန်းသိမ်းရာ မော်ကွန်းဌာနအဖြစ် ဆောင်ရွက်ရန်၊

(င) အကောင်းဆုံးကျင့်သုံးမှုများကို မှတ်တမ်းတင်ရန်နှင့် မှတ်တမ်းများကို ထိန်းသိမ်းရန်။

မင်းသူ
ဥက္ကဋ္ဌ
ဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## **နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

အမှတ် ၁၃၀/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင် အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမှတ် ၁၄၁/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးလင်းထက်အောင် အား မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

အကျဉ်းဦးစီးဌာန၊ ကသာအကျဉ်းထောင်မှ က ၃၅၃၂ ဦးစီးအရာရှိ အောင်မြင့်စိုး အား အစမ်းခန့် တိုးမြှင့်ကာလ (၂) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

အမှတ် ၂၁ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရန်ကုန်ရုံးမှ ဦးစီးအရာရှိ (စီမံ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒေါ်ခင်မျိုးကျော် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ) တို့အရ နှစ်ပြည့်ပင်စင်မယူမီ ငင်းစုဆောင်းထားရှိသည့် လုပ်သက်ခွင့်လက်ကျန် (၁) လနှင့် (၁၉) ရက်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊

စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်ကျော် အား စစ်ဆေးရေးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (စစ်ဆေးရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (တိုင်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးသက်ထွန်း အား မြို့ပြအင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၂၁) ဧကရှိသော နယ်မြေကို "လုံမုံကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (D-242220) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၅. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-254224) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-258231) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-263227) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၃. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-259219) အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၄. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-259210) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-253207) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-242209) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-235208) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-235211) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (D-240212) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃. ၁) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (D-242220) အထိ။

**၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ - ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၀) ဧကရှိသောနယ်မြေကို "လွိုင်ဆမ်စစ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

**၁။ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (SO-875133) မှအစပြု၍ အရှေ့ဘက်သို့ ယာစပ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-877133) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ ယူကလစ်တောစပ်အတိုင်း (၁) ဖာလုံခန့်လာရာ လွိုင်ဆမ်စစ်တောင်ခြေ ခန့်မှန်းမြေပုံညွှန်း (SO-877131) အထိ၊ ထိုမှ အရှေ့ဘက်ယွန်းယွန်းသို့ လွိုင်ဆမ်စစ်ကျေးရွာသွားလမ်းအတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-879131) အထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်း ယူကလစ်တောစပ်အတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-879127) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ယူကလစ်တောစပ်အတိုင်း (၂. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-882125) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ယူကလစ်တောစပ်အတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-878121) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ယူကလစ်တောစပ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-878114) အထိ၊ ထိုမှ အနောက်တောင်ဘက် ယူကလစ်တောစပ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-877118) အထိ၊

တောင်ဘက် ။ ။ ထိုမှ ယူကလစ်တောစပ်အတိုင်း အနောက်မြောက်ဘက်ယွန်းယွန်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-876119) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ယူကလစ်တောစပ်အတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-878124) အထိ၊ ထိုမှ အနောက်မြောက်ဘက် ယူကလစ်တောစပ်အတိုင်း (၄. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-875130) အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်း ယူကလစ်တောစပ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SO-876131) အထိ၊ ထိုမှ မြောက်ဘက်သို့ ယူကလစ်တောစပ်အတိုင်း (၁) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (SO-875133) အထိ၊

**၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

**၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွတ်ခိုင်မြို့နယ် | အဖွဲ့ဝင် |
| ၃။ | ဦးစီးအရာရှိ<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကွတ်ခိုင်မြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးထွန်းအောင် (ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| ၅။ | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ကွတ်ခိုင်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၁၈)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၂,၀၀၀) ဧကရှိသော နယ်မြေကို "အင်ဘုတ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်၊ (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**၁။ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တီအိုချောင်းမကြီးထဲသို့စီးဝင်သည့် သီးငါးချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၃၅၈၁၂) မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ (၄. ၅) ဖာလုံခန့်လာရာ သီးခတ်ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၄၆၈၁၇) အထိ၊ ထိုမှ သီးခတ်ချောင်းဆုံအနီး အရှေ့တောင်

ယွန်းယွန်းသို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၄၇၈၁၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်း သီးခတ်ချောင်းသို့စီးဝင်သည့် အရှေ့ဘက်ရေဝေခင်ကြော အတိုင်း ၃ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၉၈၇၉၇) အထိ၊ ထိုမှ တောင်စူးစူးသို့ မြို့နယ်ခြားနယ်နိမိတ်ခင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ (ဖဘ-၈၉၈၇၈၇) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် ခင်ကြောအတိုင်း အရှေ့တောင်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၀၀၇၈၂) အထိ၊ ထိုမှ အရှေ့တောင် ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ- ၉၁၆၇၇၄) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် ခင်ကြောအတိုင်း အရှေ့တောင်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၁၈၇၇၁) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်၏ ရေဝေခင်ကြော အတိုင်းပင် အရှေ့တောင်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၃၇၆၆) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ မြို့နယ်ခြားနယ်နိမိတ်ခင်ကြောအတိုင်း (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၁၇၆၁) အထိ၊ ထိုမှမြို့နယ်ခြားနယ်နိမိတ် ခင်ကြောအတိုင်း တောင်စူးစူးသို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၄၇၂၅) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အနောက်တောင်ယွန်းယွန်းသို့ လိုင်ဗားချောင်း ရေဝေခင်ကြောထိပ်တောင်ကုန်းအမှတ် ၅၅၄၀ သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၆၇၁၅) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း တောင်စူးစူးသို့ လိုင်ဗားချောင်း ရေဝေခင်ကြောအတိုင်းပင် (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၂၆၉၉) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်၏ ရေဝေခင်ကြောအတိုင်း တောင်စူးစူးသို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၂၆၉၁) အထိ၊ ထိုမှ အနောက်တောင် ယွန်းယွန်းသို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၁၉၆၈၂) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၀၈၆၈၀) အထိ၊ ထိုမှ တောင်စူးစူးသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၁၀၆၆၅) အထိ၊

တောင်ဘက် ။ ။ ထိုမှ တီရတ်ချောင်းဖျားရေဝေခင်ကြောအတိုင်း အနောက်စူးစူးသို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၉၈၆၆၅) အထိ၊ ထိုမှ တီရတ်ချောင်းဖျားရေဝေခင်ကြောအတိုင်း အနောက်မြောက်ယွန်းယွန်းသို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၉၁၆၆၉) အထိ၊ ထိုမှ အနောက်ဘက်စူးစူးသို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၈၂၆၆၉) အထိ၊ ထိုမှ တီရတ်ချောင်းအားဖြတ်၍ အနောက်မြောက်ယွန်းယွန်းသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၇၂၆၈၀) အထိ၊

အနောက်ဘက် ။ ။ ထိုမှ တီရတ်ချောင်းဖျား ရေဝေခင်ကြောအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၈၂၆၈၉) အထိ၊ ထိုမှ ဆတ်မချောင်း ရေဝေအဖျားမှ အနောက်မြောက်ဘက် ရေဝေခင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၇၃၇၀၁) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ တိကုအယ်ဗချောင်း ရေဝေ အတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၈၅၇၁၉) အထိ၊ ထိုမှ အရှေ့မြောက်ဘက် လိုင်ဗားချောင်းရေဝေ တိုင်ခေါဗချောင်းထိပ်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၉၀၇၂၃) အထိ၊ ထိုမှ ခင်ကြောအတိုင်း အရှေ့မြောက် ယွန်းယွန်းသို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၉၅၇၃၄) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ဗွမ်တိဒေါင်ဗါ ရေဝေချောင်းထိပ်တောင်ကြောမှ (၁) မိုင် (၇) ဖာလုံခန့်လာရာ မွန်းလုအရွာ အရှေ့ဘက်ရေဝေကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၈၀၇၆၀) အထိ၊ ထိုမှ မြောက်ဘက်သို့ ခင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (ဖဘ-၈၈၀၇၇၀) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ တိကုအယ်ဗ ချောင်းအားဖြတ်၍ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၇၅၇၈၀) အထိ၊ ထိုမှ အနောက်စူးစူးသို့ ခင်ကြောအတိုင်း (၄) ဖာလုံခန့်လာရာ သီးငါးချောင်း ရေဝေ အဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၆၇၇၈၀) အထိ၊ ထိုမှ ရေဝေခင်ကြောအတိုင်း အနောက်တောင်ယွန်းယွန်းသို့ (၆) ဖာလုံခန့်လာရာ စောသီရွာ၏ မြောက်ဘက်ထိပ် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၅၅၇၇၇) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ခင်ကြော

အတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၄၆၇၈၀) အထိ၊ ထိုမှ ဟုအလန်အောင်တောင်ထိပ် ရေဝေခင်ကြောအတိုင်း အနောက်မြောက်ဘက်ယွန်းယွန်းသို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၃၉၇၈၈) အထိ၊ ထိုမှ ဟိုင်လန်တောင်ခင်ကြောအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၈၃၅၈၁၂) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖလမ်းမြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖလမ်းမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးလာလ်ဇဖဲလ်<br>ဒေသခံတိုင်းရင်းသား၊ သီးကျိုရပ်အုပ်စု | အဖွဲ့ဝင် |
| ၅။ | ဦးဟရမ်းကုန်<br>ဒေသခံတိုင်းရင်းသား၊ မွှန်လွကျေးရွာ | အဖွဲ့ဝင် |
| ၆။ | ဦးဗန်လာလ်ပနို<br>ဒေသခံတိုင်းရင်းသား၊ ကျော့သဲအုပ်စု | အဖွဲ့ဝင် |
| ၇။ | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ဖလမ်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၈,၄၀၀) ဧကရှိသော နယ်မြေကို "ဇာသွာလ်ကြိုးပြင် ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဖလမ်းမြို့နယ် လုံသဲရွာဟောင်း အရှေ့တောင်ဘက် တောင်ကုန်းအမှတ် (၄၀၆၀) ခန့်မှန်းမြေပုံညွှန်း (ဖမ-၂၇၁၃၅၃) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၂၉၂၃၇၆) တောင်ကုန်းအမှတ် (၅၇၉၀) အထိ၊ ထိုမှ အရှေ့မြောက် ရေဝေခင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၀၆၃၉၄) ထိ၊ ၎င်းရေဝေခင်ကြော အတိုင်းပင် အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၂၁၄၀၄) ထိ၊ ထိုမှ အရှေ့ဘက်စူးစူးသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ မင်းတဲရွာ၏ တောင်ဘက် ရေဝေချောင်းဆုံ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၅၀၄၀၃) ထိ၊ ဆက်လက်၍ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့် ရေဝေမြောင်းအတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၆၇၄၁၇) ထိ၊ ထိုမှ အရှေ့မြောက်ခင်ကြောအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ဝေဘူလရွာ၏ အနောက်တောင်ဘက် ခင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၉၀၄၂၄) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းခင်ကြောအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၇၄၀၇) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၉၃၈၂) ထိ၊ ထိုမှ တောင်စူးစူးသို့ ဇာသွာလ်ကျေးရွာ အနောက်ဘက် ရေဝေခင်ကြောအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၂၃၃၅၈) ထိ၊ ထိုမှ အရှေ့ဘက်သို့ ဇာသွာလ်ကျေးရွာ၏ တောင်ဘက်ခင်ကြော အတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၄၆၃၆၀) ထိ၊ ထိုမှ ဝေဘူလကြိုးဝိုင်း နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ မြောင်ချောင်းအရှေ့ဘက် ရေဝေကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၆၀၃၂၃) ထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၆၆၃၀၀) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁) မိုင် (၂) ဖာလုံလာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၄၈၂၇၉) ထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၅၅၂၆၅) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၂၈၂၅၄) ထိ၊ ထိုမှ အနောက်မြောက် ယွန်းယွန်း ဝက်ခမ်ချောင်းဘေးသို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၉၂၇၇) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၀၂၂၅၆) ထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၂၁၂၄၆) ထိ၊ ထိုမှ တောင်စူးစူးသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၂၁၂၁၉) ထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၂) မိုင် (၃) ဖာလုံခန့်လာရာ မဏိပူရမြစ်အထိ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၄၃၁၈၇) ထိ၊

တောင်ဘက် ။ ။ ထိုမှ မဏိပူရမြစ်အတိုင်း အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၉၁၉၉) ထိ၊ ထိုမှ မဏိပူရမြစ်အတိုင်း အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၂၁၉၀) ထိ၊ ထိုမှ အနောက်ဘက်သို့ မဏိပူရမြစ်အတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၆၅၁၈၅) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်း ပေါင်ပမြစ်နှင့် မဏိပူရမြစ်ဆုံရာသို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၄၅၂၁၁) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ပေါင်ပမြစ် အတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၃၄၂၂၇) ထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၄၉၂၃၄) ထိ၊ ထိုမှ မှန်းစန်ရွာ၏ တောင်ဘက်ရေဝေခင်ကြောအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၇၅၂၄၃) ထိ၊ ထိုမှ မြောက်စူးစူးသို့ ရေဝေခင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၇၆၂၆၀) ထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်း ရေဝေခင်ကြောအတိုင်း (၃) မိုင် (၁) ဖာလုံခန့်လာရာ ခုပ်လန်ရွာအရှေ့ဘက် ရေဝေခင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၄၃၀၀) ထိ၊ ထိုမှ မြောက်စူးစူးသို့ (၃)

ဖာလုံခန့်လာရာ ခုပ်လန်ရွာ အရှေ့မြောက်ဘက်ရေဝေကြောထိပ် ခန့်မှန်းမြေပုံညွှန်း (ဖမ-၄၁၅၃၁၁) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မင်းတဲရွာ မြောက်ဘက်ရေဝေချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၈၇၃၂၄) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၇၆၃၅၇) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်း ကလိုဇံမင်းတဲရွာဟောင်း၏ မြောက်ဘက်ရေဝေခင်ကြောအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၄၅၃၄၇) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ ရေဝေခင်ကြောအတိုင်း (၂) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-၃၀၀၃၄၀) တောင်ကုန်းအမှတ်-၅၆၀၀ ၏ အနောက်တောင်ကြောရေဝေထိပ်ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ ရေဝေခင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ကလိုတန်မင်းတဲရွာမြောက်ဘက် ရေတေချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (ဖမ-၂၇၉၃၂၉) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ်-၄၀၆၀ ရေဝေခင်ကြောထိပ် မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (ဖမ-၂၇၁၃၅၃) ထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖလမ်းမြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖလမ်းမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးလာလ်ဇဲလ်<br>ဒေသခံတိုင်းရင်းသား၊ သီးကျိရပ်အုပ်စု | အဖွဲ့ဝင် |
| ၅။ | ဦးဟရမ်းကုန်<br>ဒေသခံတိုင်းရင်းသား၊ မွှန်လွကျေးရွာ | အဖွဲ့ဝင် |
| ၆။ | ဦးဗန်လာလ်ပန့်<br>ဒေသခံတိုင်းရင်းသား၊ ကျော့သဲအုပ်စု | အဖွဲ့ဝင် |
| ၇။ | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ဖလမ်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၂,၀၆၄) ဧကရှိသော နယ်မြေကို “နန့်ရင်းခါကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ နန့်စလောင်းချောင်းနှင့် ဟောင်ပါးကြိုးပြင်ကာကွယ်တောဆုံရာ ခန့်မှန်းမြေပုံညွှန်း (B-602201) မှအစပြု၍ အရှေ့ဘက်သို့ ဟောင်ပါးကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-621200) အထိ၊ ထိုမှ မြောက်ဘက်သို့ ဟောင်ပါးကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ နန့်ပုတ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-630245) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နန့်ပုတ်ချောင်းအတိုင်း (၁) မိုင် (၅) ဖာလုံခန့် စုန်ဆင်းလာရာ ဝေဖားစီချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-652259) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဝေဖားစီချောင်းအတိုင်း (၃) မိုင် (၄) ဖာလုံခန့် ဆန်တက်ခဲ့ရာ ကျောက်ပုံရွာ၏ တောင်ဘက် (၁) ဖာလုံခန့်အကွာ နန့်မော်ကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-705291) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ နန့်မော်ကြိုးဝိုင်း အနောက်ဘက်နယ်နိမိတ်ရှိ အကွက်အမှတ် (၁၄၊ ၁၃၊ ၁၁၊ ၁၀၊ ၃၊ ၂၊ ၁) တို့၏ ကွက်ဆုံဘုတ်တိုင် အသီးသီးကိုဖြတ်၍ အကွက်နယ်နိမိတ်များအတိုင်း (၆) မိုင် (၄) ဖာလုံခန့်လာရာ ရွှေချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-709190) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ နန့်ပုတ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-697173) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ငွေတောင် တောင်တန်းမြောက်ဘက်တောင်ခြေ၏ (၃) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (B-687143) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ငွေတောင် တောင်ခြေအတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ မိုင်းပုတ်-နန့်နစ်သွားသစ်ထုတ်ရေးကားလမ်းဟောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-714114) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ နန်းမားသားချောင်းထဲသို့စီးဝင်သည့် ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-706096) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ငွေတောင် တောင်တန်း၏အရှေ့ဘက်တောင်ခြေအတိုင်း (၆) ဖာလုံခန့်လာရာ နန်းမားသားချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-716085) အထိ၊ ထိုမှ တောင်ဘက်သို့ နန်းမားသားချောင်းအတိုင်း (၁) မိုင် (၅) ဖာလုံခန့် ဆန်တက်ရာ သစ်ထုတ်ရေးကားလမ်းဟောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-718062) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ သစ်ထုတ်ရေးကားလမ်းဟောင်းအတိုင်း (၂) မိုင် (၇) ဖာလုံခန့်လာရာ နန့်ပုတ်ကန်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-751085) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လှေမှောက်တောင်ခြေအတိုင်း (၂) မိုင်ခန့်လာရာ ဝါဝါဝင်းကွင်းသို့သွားရာ ကားလမ်းဟောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-770105) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဝါဝါဝင်းကွင်းသို့သွားရာ ကားလမ်းဟောင်းအတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ နန့်ရင်းခါကြိုးဝိုင်း၏ အနောက်မြောက်ဘက်နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-802071) အထိ၊ ထိုမှ တောင်ဘက်သို့ နန့်ရင်းခါကြိုးဝိုင်း အနောက်မြောက်ဘက်ရှိ အကွက်အမှတ် (၁၇၈) ၏ နယ်နိမိတ်အတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ နန့်ရင်းခါကြိုးဝိုင်းအကွက်အမှတ် (၁၇၈၊ ၁၇၃၊ ၁၆၉) ကွက်ဆုံဘုတ်တိုင်ရှိသည့် ခန့်မှန်းမြေပုံညွှန်း (B-802030) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ နန့်ရင်းခါကြိုးဝိုင်း အကွက်အမှတ် (၁၆၉၊ ၁၆၆၊ ၁၆၄၊ ၁၆၃၊ ၁၆၂) တို့၏ ကွက်ဆုံဘုတ်တိုင်အသီးသီးကိုဖြတ်၍ အကွက်နယ်နိမိတ်များအတိုင်း (၆) မိုင် (၄) ဖာလုံခန့်လာရာ နန့်စလောင်းချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (B-700013) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ နန့်စလောင်းချောင်းအတိုင်း (၁၄) မိုင် (၅) ဖာလုံခန့် စုန်ဆင်းလာရာ မူလစတင်သည့် နန့်စလောင်းချောင်းနှင့်ဟောင်ပါးကြိုးပြင်ကာကွယ်တော ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (B-602201) အထိ။

**၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

**၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့နယ် | အဖွဲ့ဝင် |
| ၃။ | ဦးစီးအရာရှိ<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မိုးညှင်းမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးအုန်းမောင်<br>ဒေသခံတိုင်းရင်းသား၊ အင်းတော်ကြီးဒေသ | အဖွဲ့ဝင် |
| ၅။ | ဦးမောင်ဝင်း<br>ဒေသခံတိုင်းရင်းသား၊ အင်းတော်ကြီးဒေသ | အဖွဲ့ဝင် |
| ၆။ | ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန၊ မိုးညှင်းမြို့နယ် | အတွင်းရေးမှူး |

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အမှတ် ၃ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၉/၅၃၄ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊

ဆေးတက္ကသိုလ် (မန္တလေး)၊ ကလေးကျန်းမာပညာဌာနမှ ပါမောက္ခဒေါက်တာခင်နီလာဝင်း (ဆမ- ၉၄၅၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းများမှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့်လုပ်ငန်းစဉ်များ ထူထောင် ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့သည့် ဝန်းကျင် တစ်ရပ်ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) ပို့ကုန်မြှင့်တင်မည့်လုပ်ငန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို စနစ်တကျထုတ်ယူအသုံးချနိုင်မည့်လုပ်ငန်းများ၊ ဒစ်ဂျစ်တယ်

စီးပွားရေးစနစ်ကို ထူထောင်မည့်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ပြည်ပ ငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်သွားရန်။

(ဃ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်း များတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှု တို့ကို စနစ်တကျသတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်။

( င ) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်။

( စ ) ဝန်ကြီးဌာန စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်သွားရန်။

(ဆ) ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်။

( ဇ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(စျ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်။

(ည) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့် တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေး ဆန်ဆန်ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်။

( ဋ ) နိုင်ငံခြားတိုင်းပြည်နှင့်ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါ ရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေရန် ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက်ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေး ကော်မတီသို့ အမှာစာများတင်ပြရန် ဖြစ်ပါသည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

အမှတ် ၂၆ ။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး (၂၈) ဦး တို့အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဘဏ်ခွဲ | စဉ် | အမည် | ဘဏ်ခွဲ |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်အေးအေး | လှိုင်ကော် | ၁၅ | ဒေါ်ဒေစီရွှေ | ရုံးချုပ် (စာရင်း) |
| ၂ | ဒေါ်စန္ဒာလွင် | တောင်ငူ | ၁၆ | ဒေါ်မြင့်မြင့်ဦး | မြင်းမူ |
| ၃ | ဦးဇော်မင်းခိုင် | ပင်းတယ | ၁၇ | ဦးသိန်းလှ | မြေပုံ |
| ၄ | ဒေါ်မာလာစိုး | လှိုင်ကော် | ၁၈ | ဒေါ်တင်မေကြည် | ရုံးချုပ် (ဖွံ့ဖြိုးရေး) |
| ၅ | ဒေါ်မော်စီ | ရေစကြို | ၁၉ | ဦးသိန်းအောင် | အင်ပူ |
| ၆ | ဒေါ်သွယ်သွယ်အုန်း | မင်းလှ (မကွေး) | ၂၀ | ဦးအောင်စိုးဦး | ရုံးချုပ် (စစ်ထိန်း) |
| ၇ | ဒေါ်အေးအေးတင် | ကျုံပျော် | ၂၁ | ဦးမိုးဇော်ရွှေ | မြောက်ဦး |
| ၈ | ဦးတင်ထွန်း | ဇလွန် | ၂၂ | ဒေါ်မြင့်မြင့်သန်း | ရုံးချုပ် (ကြို/စစ်) |
| ၉ | ဒေါ်ကျင်ငွေ | သံဖြူဇရပ် | ၂၃ | ဒေါ်အေးအေးမော် | အောင်လံ |
| ၁၀ | ဦးခင်မောင်သိန်း | ဆင်ပေါင်ဝဲ | ၂၄ | ဒေါ်ထွေးထွေးတင် | ဗန်းမော် |
| ၁၁ | ဦးနိုင်ဝင်း | ညောင်လေးပင် | ၂၅ | ဦးယဉ်ငွေ | ချောင်းဆုံ |
| ၁၂ | ဦးဝင်းသိန်း | ဝ | ၂၆ | ဒေါ်နန့်တင်စန်း | နေပြည်တော် |
| ၁၃ | ဒေါ်ခင်ရွှေမော် | ရေဦး | ၂၇ | ဒေါ်အေးအေးသီ | ရုံးချုပ် (စာရင်း) |
| ၁၄ | ဦးလွင်မိုးခိုင် | စစ်ကိုင်းတိုင်း (စစ်ကိုင်း) | ၂၈ | ဒေါ်မို့မို့ | စေတုတ္တရာ |

မင်းသူ၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်။

# အကောက်ခွန်ဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

## အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံပြဋ္ဌာန်းခြင်း

၁။ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ (၃၀) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၇) ဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တန်ဖိုးသတ်မှတ်ရေး သဘောတူညီချက် (WTO Valuation Agreement) နှင့်အညီ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါအကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ရန်အလို့ငှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အားကျင့်သုံး၍ ပူးတွဲပါ အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၁) နှင့် အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၂) တို့ကို အောက်ပါနည်းလမ်းများအတိုင်း အသုံးပြုရန် ပြဋ္ဌာန်းလိုက်သည်-

(က) ပြည်ပမှတင်သွင်းမည့် ကုန်ပစ္စည်း (သို့မဟုတ်) ပြည်ပမှ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းနှင့်ပတ်သက်၍လည်းကောင်း၊ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အကောက်ခွန်တန်ဖိုးအား နည်းလမ်းများနှင့်အညီ ကြေညာရန်လိုအပ်သည့်အခါ အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၁) "သို့မဟုတ်" အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၂) ကို အသုံးပြု၍ ကြေညာရမည်။

(ခ) ရောင်းဝယ်မှုတန်ဖိုးနည်းလမ်း (နည်းလမ်း ၁) အား ကျင့်သုံး၍ ကြေညာရာတွင် အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၁) ကိုလည်းကောင်း၊ ရောင်းဝယ်မှုတန်ဖိုးနည်းလမ်းမှလွဲ၍ ကျန်နည်းလမ်းများ (နည်းလမ်း ၂ မှ နည်းလမ်း ၆ ထိ) ကျင့်သုံး၍ ကြေညာရာတွင် အကောက်ခွန်တန်ဖိုး ကြေညာလွှာပုံစံ (၂) ကိုလည်းကောင်း၊ ရောင်းဝယ်မှုတန်ဖိုး နည်းလမ်းဖြင့် ကြေညာရာတွင် အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်ခြင်းမရှိသည့်အခြေအနေတွင် အကောက်ခွန်တန်ဖိုးကြေညာလွှာပုံစံ (၂) ကိုလည်းကောင်း အသုံးပြုကြေညာရမည်။

(ဂ) ကုန်တင်သွင်းသူနှင့် တရားဝင်လွှဲအပ်ခန့်ထားသော အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်တို့မှ အကောက်ခွန်တန်ဖိုးသတ်မှတ်သည့် နည်းလမ်းပြဋ္ဌာန်းချက်များနှင့်အညီ အကောက်ခွန်တန်ဖိုးအား ကြေညာရန်လိုအပ်သည့်အခါတွင်လည်းကောင်း၊ အကောက်ခွန်အရာရှိမှ အကောက်ခွန်တန်ဖိုးသတ်မှတ်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးပြုကြေညာရန်လိုအပ်ကြောင်း တွေ့ရှိရသည့်အခါတွင်လည်းကောင်း၊ အကောက်ခွန်အရာရှိမှ အကောက်ခွန်တန်ဖိုးကြေညာရာတွင် အသုံးပြုရမည့် နည်းလမ်းအား အကြံပြုထားသည့်အခါတွင်လည်းကောင်း အကောက်ခွန်တန်ဖိုးကြေညာလွှာကို အသုံးပြုကြေညာရမည်။

(ဃ) အကောက်ခွန်တန်ဖိုးကြေညာရာတွင် သက်ဆိုင်ရာကုမ္ပဏီမှ တရားဝင်လွှဲအပ်ခန့်ထားသော အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ကုန်တင်သွင်းသူတို့မှ ကိုယ်တိုင်တာဝန်ခံတွက်ချက်ကြေညာခြင်းစနစ် (Self-Assessment System - SAS) ဖြင့် နှစ်စုံပြုစု၍ လက်မှတ်ရေးထိုး ကြေညာရမည်။

(င) ကုန်တင်သွင်းသူ သို့မဟုတ် တရားဝင်လွှဲအပ်ခန့်ထားသော အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်မှ အကောက်ခွန်တန်ဖိုးကြေညာလွှာနှင့်အတူ သက်ဆိုင်ရာ ကုန်ပစ္စည်းနှင့် ဆက်စပ်ပတ်သက်သော စာရွက်စာတမ်းများအား ပူးတွဲ၍ တင်ပြရမည်။ (ဥပမာ - အရောင်းအဝယ်စာချုပ်၊ မူပိုင်ခွင့်သဘောတူညီချက်နှင့် ကုန်ပစ္စည်းနှင့်ပတ်သက်သော ကိုယ်စားလှယ်ဆိုင်ရာ သဘောတူညီချက်စသည့် အခြားသဘောတူညီချက်များ၊ ကုန်ပစ္စည်းအမှာစာ၊ ငွေလွှဲစာတမ်း၊ ငွေလွှဲပြောင်းမှု လက်ခံစာရွက်စာတမ်း၊ ဘဏ်ငွေလွှဲပြောင်းစာရင်း စသည်များ)

၃။ ယခင်ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၏ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ် ၂-က-၉၉ အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်ထင်၊
ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန်ဦးစီးဌာန။

CR ........ Form ( 1 )

Confidential

THE REPUBLIC OF THE UNION OF MYANMAR, MINISTRY OF PLANNING AND FINANCE, CUSTOMS DEPARTMENT

1.(a) To Customs Station

## DECLARATION OF PARTICULARS RELATING TO CUSTOMS VALUE ( Method 1 )

**1.(b) Individual** ☐ / **Periodical** ☐

**1.(c) Initial Declaration** ☐ / **Revised Declaration** ☐

| 1.(d) Import Declaration No | 1.(e) ID Date | 2.(a) Value Declaration No | 2.(b) Value Declaration Date |
|---|---|---|---|
| | | | |

3.(a) NAME AND ADDRESS OF **SELLER** (BLOCK LETTER)

3.(b) NAME AND ADDRESS OF EXPORTER (BLOCK LETTER)

| 2.(c) Customs Stamp of Acceptance | 2.(d) Signature and Stamp of Examination | 2.(e) Signature and Stamp of Incharge |
|---|---|---|
| | | |

3.(c) NAME AND ADDRESS OF MANUFACTURER (BLOCK LETTER)

4.(a) NAME AND ADDRESS OF **BUYER** (BLOCK LETTER )

4.(b) NAME, CODE AND ADDRESS OF IMPORTER (BLOCK LETTER)

4.(c) NAME, CODE AND ADDRESS OF **DECLARANT** (BLOCK LETTER)

**IMPORTANT NOTE**

- By signing and lodging this declaration the **importer and declarant** shall take responsibility for the accuracy and completeness of the particulars given on this form and on any continuation sheet lodged with it and the authenticity of any supporting document. The **importer** also shall take responsibility to supply any additional information or document necessary to establish the Customs value of the goods.
- Although the value according to this declaration form is determined or approved, when an importer is found to have failed to pay correct duties, taxes, penalties and fines by the result of the Post Clerance Audit, the **importer** shall make the proper payment for the goods.
- You are advised to read the Ministry of Planning and Finance's **Notification no. 91/2017 ( 13.9.2017 ), no.151/2016 ( 14.10.2016 )** and **Sea Customs Act's Section 4, 29, 32, 39, 167 ( 37 ), 167 ( 72 ),194 ( a ), 195** and **land Customs Act's Section 9** before completing this form. Complete all applicable sections before signing Box ( 28 ) declaration.
- The periodical declaration form is valid for reference within 2 years.

| 5. Number and date of invoice(s) | 6. Terms of delivery |
|---|---|
| 7. Number and date of contract(s) | 8. Number and date any previous valuation advice and/or Advance Valuation Ruling, if any |

9. Are there any **restrictions** as to the disposition or use of the goods by the buyer other than restrictions which:
- are imposed or required by law or by the public authorities in the country of importation;
- limit the geographical area in which the goods may be resold; or
- do not substantially affect the value of the goods?

If "Yes" go to Form ( 2 ) or specify the nature of the **restrictions** as appropriate.

**Enter x where applicable** Yes ☐ No ☐

10. Is the sale or price subject to some **conditions or considerations** for which a value cannot be determined with respect to the goods being valued? Yes ☐ No ☐

If "Yes", go to Form ( 2 ) or specify the nature of the **conditions or considerations** as appropriate.

If the value of **conditions or considerations** can be determined, indicate the amount in box 13 (b) overleaf.

11.(a) Are the Buyer and Seller **related** in the sense of paragraph 2 (q) (*) of Regulation (Notification) No. 91/2017? Yes ☐ No ☐

If "No", go to next box.

(b) Can you demonstrate that the price had not been **influenced** by the relationship by examination of the circumstances surrounding the sale? Yes ☐ No ☐

(c) Does the transaction value of the imported goods **closely approximate** to a value ( test value )? Yes ☐ No ☐

If "NO" to (b) or (c), give details and go to "Form ( 2 )".

If "Yes", give detials and attach evidence:

-

12.(a) Are any **royalties** and **licence fees** related to the imported goods payable either directly or indirectly by the buyer as a condition of the sale? Yes ☐ No ☐

12.(b) Is the sale subject to an arrangement under which part of proceeds of any subsequent **resale,disposal** or **use** of the goods accrues directly or indirectly to the seller? Yes ☐ No ☐

If "Yes" to either of these questions, specify conditions and if possible, indicate the amounts in boxs 17 and 18 overleaf.

(*) Persons shall be deemed to be related only if:
a. They are officers or directors of one another's businesses;
b. They are legally recognized partners in business;
c. They are employer and employee;
d. Any person directly or indirectly owns, controls or holds 5 percent or more of the outstanding voting stock or shares of both of them;
e. One of them directly or indirectly controls the other;
f. Both of them are directly or indirectly controlled by a third person;
g. Together they directly or indirectly control a third person; or
h. They are members of the same family.

Number of continuation sheets Form(1) attached

CUSDEC 4 A -V 1  February 2019

Continued Overleaf ➡

CR ........ Form ( 1 )

Confidential

THE REPUBLIC OF THE UNION OF MYANMAR, MINISTRY OF PLANNING AND FINANCE, CUSTOMS DEPARTMENT

1.(a) To Customs Station

## DECLARATION OF PARTICULARS RELATING TO CUSTOMS VALUE ( Method 1 )

| 1.(b) Individual ☐ / Periodical ☐<br>1.(c) Initial Declaration ☐ / Revised Declaration ☐ | 1.(d) Import Declaration No | 1.(e) ID Date | 2.(a) Value Declaration No | 2.(b) Value Declaration Date |
|---|---|---|---|---|

| | | | |
|---|---|---|---|
| 3.(a) NAME AND ADDRESS OF SELLER (BLOCK LETTER)<br><br>3.(b) NAME AND ADDRESS OF EXPORTER (BLOCK LETTER) | 2.(c) Customs Stamp of Acceptance | 2.(d) Signature and Stamp of Examination | 2.(e) Signature and Stamp of Incharge |

| | |
|---|---|
| 3.(c) NAME AND ADDRESS OF MANUFACTURER (BLOCK LETTER)<br><br>4.(a) NAME AND ADDRESS OF BUYER (BLOCK LETTER )<br><br>4.(b) NAME, CODE AND ADDRESS OF IMPORTER (BLOCK LETTER)<br><br>4.(c) NAME, CODE AND ADDRESS OF DECLARANT (BLOCK LETTER) | **IMPORTANT NOTE**<br>- By signing and lodging this declaration the **importer and declarant** shall take responsibility for the accuracy and completeness of the particulars given on this form and on any continuation sheet lodged with it and the authenticity of any supporting document. The **importer** also shall take responsibility to supply any additional information or document necessary to establish the Customs value of the goods.<br>- Although the value according to this declaration form is determined or approved, when an importer is found to have failed to pay correct duties, taxes, penalties and fines by the result of the Post Clerance Audit, the **importer** shall make the proper payment for the goods.<br>- You are advised to read the Ministry of Planning and Finance's **Notification no. 91/2017 ( 13.9.2017 ), no.151/2016 ( 14.10.2016 )** and **Sea Customs Act's Section 4, 29, 32, 39, 167 ( 37 ), 167 ( 72 ),194 ( a ), 195** and **land Customs Act's Section 9** before completing this form. Complete all applicable sections before signing Box ( 28 ) declaration.<br>- The periodical declaration form is valid for reference within 2 years. |

| | |
|---|---|
| 5. Number and date of invoice(s) | 6. Terms of delivery |
| 7. Number and date of contract(s) | 8. Number and date any previous valuation advice and/or Advance Valuation Ruling, if any |

9. Are there any **restrictions** as to the disposition or use of the goods by the buyer other than restrictions which:
- are imposed or required by law or by the public authorities in the country of importation;
- limit the geographical area in which the goods may be resold; or
- do not substantially affect the value of the goods?

If "Yes" go to Form ( 2 ) or specify the nature of the **restrictions** as appropriate.

**Enter x where applicable** Yes ☐ No ☐

10. Is the sale or price subject to some **conditions or considerations** for which a value cannot be determined with respect to the goods being valued? Yes ☐ No ☐

If "Yes", go to Form ( 2 ) or specify the nature of the **conditions or considerations** as appropriate.

If the value of **conditions or considerations** can be determined, indicate the amount in box 13 (b) overleaf.

11.(a) Are the Buyer and Seller **related** in the sense of paragraph 2 (q) (*) of Regulation (Notification) No. 91/2017? Yes ☐ No ☐

If "No", go to next box.

(b) Can you demonstrate that the price had not been **influenced** by the relationship by examination of the circumstances surrounding the sale? Yes ☐ No ☐

(c) Does the transaction value of the imported goods **closely approximate** to a value ( test value )? Yes ☐ No ☐

If "NO" to (b) or (c), give details and go to "Form ( 2 )".

If "Yes", give detials and attach evidence:

12.(a) Are any **royalties** and **licence fees** related to the imported goods payable either directly or indirectly by the buyer as a condition of the sale? Yes ☐ No ☐

12.(b) Is the sale subject to an arrangement under which part of proceeds of any subsequent **resale,disposal** or **use** of the goods accrues directly or indirectly to the seller? Yes ☐ No ☐

If "Yes" to either of these questions, specify conditions and if possible, indicate the amounts in boxs 17 and 18 overleaf.

| | | |
|---|---|---|
| (*) Persons shall be deemed to be related only if:<br>a. They are officers or directors of one another's businesses;<br>b. They are legally recognized partners in business;<br>c. They are employer and employee;<br>d. Any person directly or indirectly owns, controls or holds 5 percent or more of the outstanding voting stock or shares of both of them; | e. One of them directly or indirectly controls the other;<br>f. Both of them are directly or indirectly controlled by a third person;<br>g. Together they directly or indirectly control a third person; or<br>h. They are members of the same family. | Number of continuation sheets Form(1) attached |

CUSDEC 4 A -V 1 February 2019 Continued Overleaf ➡

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### အပြာရောင်သခင် ကုမ္ပဏီလီမိတက်
### (MR.BLUE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **အပြာရောင်သခင် ကုမ္ပဏီလီမိတက် (MR.BLUE COMPANY LIMITED)** အား (၅-၄-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ) **အပြာရောင်သခင်ကုမ္ပဏီလီမိတက် (MR.BLUE COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ (၅) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ဇော်ဖေ (မန်နေးဂျင်းဒါရိုက်တာ)
MR.BLUE COMPANY LIMITED

## ရွှင်ပျော်ပျော် ဘဝ ကုမ္ပဏီလီမိတက်

## (Happy Life Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (ခ) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ရွှင်ပျော်ပျော် ဘဝ ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၅. ၄. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊** အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၅. ၅. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးသိန်းအောင် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| ရွှင်ပျော်ပျော် ဘဝ ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁-၅၀၇၁၁၇ |

## ရင်ချို (ချ်) သတ္တုပြန်လည်အသုံးပြုခြင်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ မေလ (၁၃) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဒေါ်စန္ဒာအေး
(B.Com,C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဖိုင်နေရှယ်(လ်) အလိုင်းရန့် ဂရု(ပ်) ကုမ္ပဏီလီမိတက်

## (FINANCIAL ALLIANCE GROUP COMPANY LIMITED)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင်ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဖိုင်နေရှယ်(လ်) အလိုင်းရန့် ဂရု(ပ်) ကုမ္ပဏီ လီမိတက် (FINANCIAL ALLIANCE GROUP COMPANY LIMITED)** အား ၂၀၁၉ ခုနှစ်၊ မတ်လ (၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၁၂/မဂတ (နိုင်) ၀၃၆၄၇၉] B.A, C.P.A, R.A, I.C.M.A, PART II (LONDON) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက် ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာ အပ်ပါသည်။

Mya San Kyi
Managing Director
Financial Alliance Group Co.,Ltd

KYAWT MG
[B.A, C.P.A, R.A, I.C.M.A, PART II (LONDON)]
Certified Public Accountant & Auditor

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

## FRITZ WERNER SERVICES AND SOLUTIONS LIMITED

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **FRITZ WERNER SERVICES AND SOLUTIONS LIMITED** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Ralf Wiegand
Managing Director
FRITZ WERNER Services and Solutions Ltd

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) FRITZ WERNER SERVICES AND SOLUTIONS LIMITED

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**FUJI FUTURES TRUST (MYANMAR) CO.,LTD**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **FUJI FUTURES TRUST (MYANMAR) CO.,LTD** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Tin Zaw Win | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Fuji Futures Trust (Myanmar) Co.,Ltd | (ဖျက်သိမ်းဆဲ) FUJI FUTURES TRUST (MYANMAR) CO.,LTD |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**SAUNG TAI AUNG CONSTRUCTION CO.,LTD**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **SAUNG TAI AUNG CONSTRUCTION CO.,LTD** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Htin Aung Lin | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Saung Tai Aung Construction Co.,Ltd | (ဖျက်သိမ်းဆဲ) SAUNG TAI AUNG CONSTRUCTION CO.,LTD |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**TOYAVA IMPEX PTE LTD ( MYANMAR BRANCH)**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **TOYAVA IMPEX PTE LTD (MYANMAR BRANCH)** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ မေလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

CHOU CHIEN-HSIANG
REPRESENTATIVE
TOYAVA IMPEX PTE LTD
(MYANMAR BRANCH)

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) TOYAVA IMPEX PTE LTD
( MYANMAR BRANCH)

**မြန်မာသီဟ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(MYANMAR THIHA TRADING COMPANY LIMITED)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာသီဟ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MYANMAR THIHA TRADING COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၁၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာသီဟ သတ္တု ကုမ္ပဏီလီမိတက်
## (MYANMAR THIHA METAL COMPANY LIMITED) အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာသီဟ သတ္တု ကုမ္ပဏီလီမိတက် (MYANMAR THIHA METAL COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၁၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာသီဟ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်
## (MYANMAR THIHA SERVICES COMPANY LIMITED) အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာသီဟ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် (MYANMAR THIHA SERVICES COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ (၁၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၂-၄-၂၀၁၉။